
စိတ်ကူးချိုချိုစာနုပညာ


# MAHATMA GANDHI



အိန္ဒိယ
လွတ်လပ်ရေးဖခင်

# ဂန္ဒီ

ဇင်မျိုး
မြန်မာပြန်



အခန်း ၁

# ကြီးမြတ်သောလူသား

မိုဟန်ဒက်ခါရန်ချန်ဂန္ဒီကို မဟတ္တမဟု သိကြသည် ။ မဟတ္တမမှာ ကြီးမြတ်သောလူသားဟူ၍ အဓိပ္ပာယ်ရသည် ။ သူသည် ဗြိတိသျှအုပ်စိုးမှုအောက်မှ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိစေရန် လည်းကောင်း၊ အိန္ဒိယဆင်းရဲသားများ အတွက် အခွင့်အရေးများ ရရှိစေရန်လည်းကောင်း တိုက်ပွဲဝင်ခဲ့ သည့် ပါးနပ်သောနိုင်ငံရေး တက်ကြွလှုပ်ရှားသူတစ်ဦး ဖြစ်သည် ။

သူ၏ အကြမ်းမဖက်သော ကန့်ကွက်သည့်နည်းမှာ ယနေ့တိုင် ကမ္ဘာတစ်ဝန်းတွင် တန်ဖိုးထားနေ ရဆဲ ဖြစ်သည် ။ ဆယ်ကျော်သက်လူငယ်ဘဝကို ဆိုးသွမ်းသူအဖြစ် ဖြတ်သန်းခဲ့ပြီး၊ အခွင့်ထူးခံလူတန်း စား မိဘမျိုးရိုးမှ ဆင်းသက်လာသော ဂန္ဒီသည် ငြိမ်းချမ်းရေးလူသားဖြစ်သည် ။ အိန္ဒိယဆင်းရဲသားတို့ ၏ ကိုယ်စားလှယ်တော်ဖြစ်သည် ။

ကြေးရတတ်မိသားစုမှ မွေးဖွားလာသူ

မိုဟန်ဒက်ရန်ချန်ဂန္ဒီကို ၁၈၆၉ ခုနှစ် အောက်တိုဘာ ၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အနောက်မြောက် ပိုင်းရှိ မင်းသားအုပ်စိုးသော ပေါ်ဘန်းဒါးပြည်နယ်၌ မွေးဖွားသည် ။ သူ၏ မိသားစုမှာ ကြေးရတတ်မျိုးရိုးမှ ဆင်းသက်လာခြင်း ဖြစ်သည် ။ သူ၏ ဖခင်မှာ ပေါ်ဘန်းဒါးပြည်နယ်ဝန်ကြီးချုပ်အဖြစ် အစိုးရ အလုပ်ကိုလုပ်သည် ။ မိခင်ဖြစ်သူမှာ ဘာသာတရား အလွန်ကိုင်းရှိုင်းသူဖြစ်၍ ဘုန်းကြီးကျောင်းတွင် အနေများပြီး မကြာခဏ ဥပုသ်သီလစောင့်တည်သည် ။ မိခင်သည် သူ့အား ပြင်း

ထန်သည့် ဟိန္ဒူကိုယ် ကျင့်တရားကို သွတ်သွင်းပေးပြီး သက်သတ်လွတ်စားခြင်း၊ ဘာသာရေးအရ သည်းခံတတ်ခြင်း၊ ရိုးရိုးရှင်းရှင်းနေထိုင်ခြင်း၊ အကြမ်းမဖက်သောနည်းလမ်းဖြင့် နေထိုင်ခြင်းတို့ ကို အလေးပေး သင်ကြား ပေးသည် ။

လူဆိုးလေးဂန္ဒီ

ဂန္ဒီ၏ ဖခင်သည် မိသားစုကို အနီးနားက ရာ့ချ်ကိုမြို့သို. ပြောင်းရွှေ့အခြေချစေသည် ။ ရာ့ချ်ကို့တွင် ကျောင်းနေရခြင်းကြောင့် ဂန္ဒီသည် ပိုမိုတော်လာခဲ့ပြီး အင်္ဂလိပ်စာကိုလည်း သင်ရလေသည် ။

အသက် ၁၃ နှစ်အရွယ်တွင် ဂန္ဒီသည် အရပ်ထဲက အသက် ၁၄ နှစ်သာရှိသေးသော ကတ်စတူး ဘားနှင့် အိမ်ထောင်ရက်သားကျသည် ။ ဂန္ဒီသည် ဆယ်ကျော်သက်အရွယ်တွင် ဆိုးဆိုးသွမ်းသွမ်းဖြစ် သည် ။ အရက်သေစာသောက်စားသည် ။ အသားစားသည် ။ မိန်းမလိုက်စားသည် ။ သို့ရာတွင် သူသည် ကိုယ့်ကိုယ်ကိုယ် တိုးတက်ရေးကို အလေးထားသည် ။ မကောင်းတာတစ်ခုခုလုပ်မိတိုင်း သင်ခန်းစာယူ သည် ။ ဖခင်ဖြစ်သူသည် သေလုမြောပါး အိပ်ရာထဲလဲနေချိန်တွင် ဂန္ဒီသည် ဖခင်ကိုပစ်ထားကာ မိန်းမနှင့် အတူအိပ်နေခဲ့သဖြင့် ဖခင်၏ နောက်ဆုံးထွက်သက်ကို မမီလိုက်ပေ။ ဇနီးသည် ကိုယ်ဝန် ရှိလာခဲ့ပြီးနောက် ကလေးမွေးလေသည် ။ မီးဖွားပြီးမကြာခင် ကလေးသည် ဆုံးပါးသွားခဲ့ရာ ယင်းကို ဘုရားက အပြစ်ပေးသည် ဟု သူယုံကြည်သည် ။ သင်ခန်းစာယူသည် ။ "ကျွန်တော့်အနေနဲ့ အရမ်းရှက်မိပါတယ်။ အရမ်းလည်း ဝမ်းနည်းမိပါတယ်။ ကျွန်တော့်အဖေရဲ့ အခန်းကို ကျွန်တော်ပြေးသွားခဲ့ပါတယ်။ တိရစ္ဆာန် အရိုင်းစိတ်ကသာ ကျွန်တော့်ရဲ့ အသိအာရုံကို ဖုံးကွယ်မထားခဲ့ရ

င် အဖေဟာ ကျွန်တော့်လက်ပေါ်မှာ ပဲ ဆုံးခဲ့မှာ ပါ"ဟု ဖခင်၏ ထွက်သက်ကို မမီလိုက်သည့်အတွက် နောင်တရမိကြောင်း ဂန္ဒီက နောက်ပိုင်းတွင် ပြောသည်။



အသက် ၇ နှစ်အရွယ် ဂန္ဒီ

လန်ဒန်တွင် ဥပဒေပညာသင်ယူ

ဂန္ဒီသည် ဘုံဘေမြို့ရှိ ဘဟားနားဂါးကောလိပ်တက်ရသည် ကို မပျော်ပေ။ ထို့ကြောင့် လန်ဒန်ရှိ Inner Temple ကျောင်းတွင် ဥပဒေပညာလေ့လာရန် ကမ်းလှမ်းခံရလေသည် ။

နိုင်ငံခြားတွင် ကျောင်းသွားတက်မည်ဆိုပါက အသိုင်းအဝိုင်းမဲ့သူအဖြစ် အကြည်ခံရမည်ဖြစ် ကြောင်း သူ့အမျိုးဇာတ်တူထဲက လူကြီးသူမများက သူ့ကိုပြောသည် ။ ဂန္ဒီသည် အသက်ဝါကြီးသူများ ၏ စကားကို နာခံခြင်းမပြုဘဲ လန်ဒန်ကို ပြောင်းသွားခဲ့သည် ။ လန်ဒန်တွင် သူသည် အနောက်တိုင်း ဝတ်စုံကို ဝတ်ဆင်ရလေသည် ။ သက်သတ်လွတ်လှုပ်ရှားမှုတွင် သူသည် ကြင်နာတတ်သော စိတ်ဓာတ်ကို ရှာတွေ့သည် ။ ဘာသာတရားကိုင်းရှိုင်းသော အသိုင်းအဝိုင်းတွင် ဂန္ဒီသည် သက်သတ်လွတ်စားခြင်း၊ အရက်သေစာသောက်စားမှုမပြုခြင်း၊ လိင်ဆက်ဆံမှုမပြုခြင်းဆိုသည့် ကလေးဘဝက ဟိန္ဒူအစဉ်အလာ များကို ပြန်တွေ့သည် ။ ဘုရားရှင်၏ ဉာဏ်တော်ကို ယုံကြည်သော အသိုင်းအဝိုင်းတွင် ဂန္ဒီသည် လူအားလုံး၊ ဘာသာတရားအားလုံး ညီညွတ်ရေးတွင် မရှိမဖြစ် အရေးပါသော ကိုယ်ပိုင်အတွေးအခေါ် များကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည် ။

## ကျောင်းပညာရေး

အသက် ၉ နှစ်အရွယ်တွင် ဂန္ဒီသည် အိမ်အနီးတွင် ရှိသော စာသင်ကျောင်းကို တက်သည် ။ အရပ်ထဲက ထိုကျောင်းမှာ ရာ့ချ်ကို့မြို့တွင် ရှိသည် ။ ထိုကျောင်းတွင် သူသည် သင်္ချာ၊ သမိုင်း၊ ဂူဂျာရာတီ ဘာသာစကားနှင့် ပထဝီဝင်စသော အခြေခံပညာရပ်များကို သင်ကြားခဲ့သည် ။



အစ်ကိုကြီးနှင့်အတူ ဂန္ဒီ (ယာ) အား တွေ့မြင်ရပုံ

အသက် ၁၁ နှစ်အရွယ်တွင် သူသည် ရာ့ချ်ကို့အထက်တန်းကျောင်းကို တက်ရောက်ခဲ့သည်။ သူသည် ကျောင်းပညာရေးတွင် သာမန်အဆင့် ကျောင်းသားတစ်ဦးမျှသာ ဖြစ်သည်။

ကျောင်းတွင် ဆုများ ရှိခဲ့သည် ဆိုသော်လည်း သူသည် ရှက်တတ်သည့် ကျောင်းသားတစ်ဦး ဖြစ်ကာ စကားနည်းသူဖြစ်လေသည် ။ ကျောင်းသားဘဝတွင် အားကစားကို စိတ်ဝင်စားခြင်း မရှိခဲ့ပေ။ စာအုပ်များ နှင့် ကျောင်းကပေးလိုက်သော သင်ခန်းစာများ သည် သာ သူ၏ အဖော်များ ဖြစ်လေသည် ။

အထက်တန်းကျောင်းတွင် ဂန္ဒီ၏ အစ်ကိုကြီးက ဂန္ဒီကို မွတ်ဆလင် မိတ်ဆွေတစ်ဦးနှင့် မိတ်ဆက် ပေးသည် ။ ရှိတ်မာတက်ဟု ခေါ်သော မိတ်ဆွေမှာ သူ့ထက် အသက်ကြီးသည် ။ အရပ်လည်း ပိုရှည်သည် ။ မာတက်သည် သက်သတ်လွတ်စားသော ဂန္ဒီကို ကိုယ်အလေးချိန်တက်လာအောင် အသားစားရန် တိုက်တွန်းခဲ့သည် ။ မာတက်သည် သူ့အား ဇိမ်ခန်းသို့ပင်ခေါ်သွားသောကြောင့် သူသည် ဒေါသထွက်ကာ မာတက်နှင့် အပေါင်းအသင်း ဆက်မလုပ်တော့ပေ။

## လူမျိုးရေးခွဲခြားသော တောင်အာဖရိက

၁၈၉၃ ခုနှစ် ဧပြီလတွင် ဂန္ဒီသည် ရှေ့နေလုပ်ရန် တောင်အာဖရိကကိုသွားရောက်ခဲ့သည် ။ ထိုအချိန်တွင် သူသည် အသက် ၂၃ နှစ်သာ ရှိပါသေးသည် ။ သူသည် တောင်အာဖရိကတွင် ၂၁ နှစ် နေထိုင် ခဲ့သည် ။ တောင်အာဖရိကတွင် သူသည် နိုင်ငံရေးအမြင်များ ၊ ကျင့်ဝတ်များ နှင့် နိုင်ငံရေးပညာတို့ ကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်ခဲ့သည် ။ တောင်အာဖရိကကိုရောက်သည် နှင့် တစ်ပြိုင်တည်း ဂန္ဒီကြုံတွေ့ရ သောပြဿနာမှာ အသားအရောင်ခွဲခြားမှုပြဿနာပင် ဖြစ်သည် ။ မြင်းရထားစီးလျှင် သူသည် ဥရောပ ခရီးသွားများ နှင့် တစ်တန်းတည်းထိုင်ခွင့်မရဘဲ မြင်းလှည်းမောင်းသူများက ကြမ်းပြင်တွင် ထိုင်ရန် အပြောခံရသည် ။ သွားမ

ထိုင်နိုင်ဟု ပြန်ပြောသောအခါ ရိုက်နှက်ခံရလေသည် ။ အခြားတစ်နေရာတွင် လည်း အိမ်တစ်အိမ်နားကနေ ဖြတ်လျှောက်ခဲ့သဖြင့် ရေမြောင်းထဲကန်ချခံခဲ့ရသည် ။ ရထားစီးတုန်း ကလည်း ပထမတန်းတွင် စီးမည်ဟု တွင် တွင် ပြောမိသောကြောင့် သူသည် ရထားပေါ်မှ ဆွဲချခံခဲ့ရသည် ။ သူသည် မီးရထားဘူတာရုံတွင် တစ်ညလုံး ချမ်းချမ်းနှင့်ထိုင်နေခဲ့ပြီး အိန္ဒိယကိုပြန်လျှင် ကောင်းမည် လော၊ တောင်အာဖရိကတွင် ဆက်လက်

## အိန္ဒိယရိုးရာဝတ်စုံဖြင့် ဂန္ဓီအား တွေ့မြင်ရပုံ

နေထိုင်ပြီး မိမိအခွင့်အရေးများ အတွက် ဆန္ဒပြလျှင်ကောင်းမည်လောဟု စဉ်းစားနေခဲ့သည် ။ သူသည် ဆန္ဒပြမည်ဆိုသောနည်းလမ်းကို ရွေးချယ်လိုက်သည် ။ နောက်နေ့တွင် သူသည် ရထားစီးခွင့်ရလေသည် ။

## သဘောထားပြောင်းသောဗြိတိသျှများ

တောင်အာဖရိကကိုရောက်လာချိန်တွင် ဂန္ဓီထင်ထားခဲ့သည် မှာ ဗြိတိသျှက ပထမ၊ အိန္ဒိယက ဒုတိယဟူ၍ ဖြစ်သည် ။ သို့ရာတွင် ဗြိတိသျှလူဖြူများက သူနှင့်သူ၏ ရောင်းရင်း အိန္ဒိယနိုင်ငံသားများ အပေါ်ထားသော သဘောထားကို ကိုယ်တွေ့ကြုံရသည့်အခါ သူသည် စိတ်ပျက်ခဲ့ရလေသည် ။ လူဖြူလူမည်းခွဲခြားဆက်ဆံခြင်းမှာ လူမဆန်ကြောင်းတွေ့လာရသည် ။ လူမဆန်သောနည်း များ သုံးခြင်းဖြင့် ဂုဏ်ယူခြင်း၊ ပျော်ရွ

င်ခြင်း၊ အခြားသူသာသည် ဟု ထင်မြင်ထားကြခြင်းကို ဂန္ဒီသည် နားမလည်နိုင်အောင်ဖြစ်ခဲ့ရသည် ။ ဂန္ဒီသည် ဗြိတိသျှအင်ပါယာထဲက လူဖြူတို့ ၏ သဘောထားရပ်တည် ချက်ကို စတင်သံသယဝင်လာခဲ့ပြီဖြစ်သည် ။ သူ့ကို တောင်အာဖရိကရောက်လာစေခဲ့သည့် အဗ္ဗဒူလာအမှု မှာ ၁၈၉၄ မေလတွင် ပြီးဆုံးသွားသည် ။ ထို့ကြောင့် တောင်အာဖရိကရှိ အိန္ဒိယအသိုက်အဝန်းက အိန္ဒိယကိုပြန်ရန် ပြင်ဆင်နေသော ဂန္ဒီကို နှုတ်ဆက်ပွဲလုပ်ရန် စီစဉ်ကြသည် ။



အိန္ဒိယရိုးရာဝတ်စုံဖြင့် ဂန္ဒီအား တွေ့မြင်ရပုံ

သို့ရာတွင် နာတယ်အစိုးရ၏ လူမျိုးရေးခွဲခြားသောဥပဒေကြောင့် ဂန္ဒီသည် တောင်အာဖရိ တွင် နေထိုင်သည့်အစီအစဉ်ကို ထပ်တိုးရသည့် အခြေစိုက်သွားသည် ။ ထို့ကြောင့် အိန္ဒိယနိုင်ငံသားများ မဲပေးခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသော အဆိုပါဥပဒေကြမ်းကို လက်မခံကြောင်း ကန့်ကွက်ဆန္ဒပြကြ သည့် အိန္ဒိယနိုင်ငံသားများကို သူက အထောက်အကူပေးရန် စီစဉ်လေသည် ။ တောင်အာဖရိကအစိုးရ သည် ဥရောပသားများ အတွက် သီးသန့်ပြဋ္ဌာန်းမည့်ဥပဒေကြမ်းကို အဆိုပြုခြင်းဖြစ်သည် ။ ဤဥပဒေ ကြမ်းကို အတည်ပြုရေးကိစ္စအား အလေးအနက်စဉ်းစားရန် ဂန္ဒီက ဗြိတိသျှကိုလိုနီ နန်းရင်းဝန် ဂျိုးဆက်ချိန်ဘာလိန်ကို ပြောကြားခဲ့သည် ။ အဆိုပါ ဥပဒေတရားဝင် အတည်ပြုပြဋ္ဌာန်းသည် ကို တားဆီး နိုင်ခြင်းမရှိခဲ့သော်လည်း သူ၏ ကန့်ကွက်မှုကြောင့် တောင်အာဖရိကရောက် အိန္ဒိယနိုင်ငံသားများ ၏ မကျေနပ်ချက်များကို တာဝန်ရှိသူများက အာရုံစိုက်မိလာခဲ့သည် ။ ၁၈၉၄ တွင် နာတယ်အိန္ဒိယ ကွန်ဂရက်ကို သူသည် ကူညီတည်ထောင်ပေးခဲ့သည် ။ ဤအဖွဲ့အစည်းမှ တစ်ဆင့် သူသည် တောင်အာဖရိ ကရောက် အိန္ဒိယနိုင်ငံသားများကို သွေးစည်းညီညွတ်သော နိုင်ငံရေးအင်အားစုဖြစ်လာအောင် ပုံသွင်းနိုင်ခဲ့လေသည် ။ ဒါဘန်မြို့ကို ဂန္ဒီခြေချမိသည့် ၁၈၉၇ ဇန်နဝါရီလတွင် လူဖြူအုပ်စုတစ်စုက သူ့ကို တိုက်ခိုက်ခဲ့တာဖြစ်သည် ။ ရဲအရာရှိတစ်ယောက်၏ ဇနီးက ကူညီခဲ့သောကြောင့်သာ သူသည် အန္တရာယ်မှ သီသီလေးလွတ်မြောက်ခဲ့တာဖြစ်သည် ။ သူသည် အဆိုပါလူအုပ်စုတွင် ပါဝင်ခဲ့သူများကို တရားစွဲရန် ငြင်းဆန်ခဲ့သည် ။

ဥရောပ၊ အိန္ဒိယနှင့် အာဖရိကသားများ

တောင်အာဖရိကတွင် နေထိုင်နေစဉ် ဂန္ဒီသည် အိန္ဒိယနိုင်ငံသားများ၏ အရေးကိစ္စများကိုသာ စိတ်ဝင်စားခဲ့သည် ။ သူသည် နိုင်ငံရေးကို စိတ်မဝင်စားပေ။ သို့ရာတွင် လူဖြူမီးရထားတာဝန်ရှိသူ တစ်ဦးက သူ့အား လူမျိုးရေးခွဲခြားဆက်ဆံကာ ရထားပေါ်မှ မောင်းချခဲ့ချိန်မှ စ၍ သူသည် နိုင်ငံရေးကို စတင်စိတ်ဝင်စားလာခဲ့သည် ။ အလားတူ လူဖြူလူမည်း ခွဲခြားသည့်ဖြစ်ရပ်များကို မကြာခဏကြုံတွေ့ လာခဲ့ရပြီးနောက် သူသည် တောင်အာဖရိက အိန္ဒိယကွန်ဂရက်ပါတီကိုဖွဲ့ကာ နိုင်ငံရေးလောကထဲကို ဝင်ရောက်လာခဲ့တော့သည် ။ သို့ရာတွင် ဂန္ဒီသည် တောင်အာဖရိကတွင် အိန္ဒိယနိုင်ငံသားများ ဖိနှိပ်ခံ ရသည် ကိုသာ အရေးစိုက်ခဲ့ပြီး အာဖရိကလူမည်းများ ဖိနှိပ်ခံရသည် ကို အလေးမထားခဲ့ဟု ဆိုသည် ။



ဂန္ဒီတာဝန်ထမ်းခဲ့သည့် အိန္ဒိယကြက်ခြေနီတပ်ဖွဲ့

၁၈၉၆ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၌ ပြောကြားခဲ့သော မိန့်ခွန်းတွင် ဂန္ဒီက ဗြိတိသျှကိုလိုနီဖြစ်သော တောင်အာဖရိကတွင် လူဖြူများ သည် အိန္ဒိယဟိန္ဒူများ နှင့် မွတ်ဆလင်များကိုကဲ့ဖား (အာဖရိကန်

လူမည်း) အဆင့် ဖိနှိပ်ချဆက်ဆံခဲ့ကြောင်း ပြောကြားသွားခဲ့ သည် ။ ဂန္ဒီသည် ထိုအချိန်ကတည်းက အိန္ဒိယနိုင်ငံသားများ နှင့် တောင်အာဖရိက လူမည်းများ ကွဲပြား ခြားနားသည် ဟု ပြောဆိုသည့် အထောက်အထားတစ်ရပ်ဖြစ်သည် ဟု ပညာရှင်များက သုံးသပ်ကြသည် ။ အသက် ၂၄ နှစ်အရွယ်သာရှိသေးသော ဂန္ဒီသည် ၁၈၉၅ တွင် တောင်အာဖရိကလွှတ်တော်၌ အိန္ဒိယ နိုင်ငံသားများ အတွက် မဲပေးခွင့်ဆိုင်ရာကိစ္စရပ်ကို တင်သွင်းရန်ပြင်ဆင်ခဲ့သည် ။ ၎င်းတွင် ဂန္ဒီသည် လူမျိုးရေးသမိုင်းကြောင်းကို ထည့်သွင်းပြောကြားခဲ့ပြီး အင်္ဂလိပ်ဘိုးဘေးတို့ မှ ဆင်းသက်လာသူများ နှင့် အင်ဒီးယန်းများမှာ အင်ဒို-ဥရောပလူမျိုးမှ ဆင်းသက်လာသူများ သို့မဟုတ် အင်ဒို-ဥရောပလူမျိုး များ ဖြစ်ကြပြီး အင်ဒီးယန်း (အိန္ဒိယလူမျိုး)များကို အာဖရိကတိုက်သားများ နှင့် တစ်အုပ်စုတည်း မထားသင့်ကြောင်း ပြောကြားခဲ့သည် ။

နောက်ပိုင်းတွင် ဂန္ဒီနှင့်အခြားသော တောင်အာဖရိကရောက် အိန္ဒိယနိုင်ငံသားများက အာဖရိက သားများကို သူနာပြုများ အဖြစ် အကူအညီများ ပေးခဲ့ကြသည် ဟု နိုဘယ်ဆုရ နယ်လ်ဆင်မန်ဒယ်လားက ထုတ်ဖော်ပြောကြားခဲ့သည် ။

၁၉၀၆ တွင် ဗြိတိသျှတို့ က တောင်အာဖရိကရှိ ဇူးလူးနန်းတော်ကို စစ်ကြေညာချိန်တွင် ဂန္ဒီသည် အသက် ၃၆ နှစ်ရှိနေပြီဖြစ်သည် ။ ဇူးလူးများကို သနားသော ဂန္ဒီသည် အိန္ဒိယစေတနာ့ဝန်ထမ်းများကို သူနာပြုများ အဖြစ် အကူအညီပေးရန် အားပေးတိုက်တွန်းခဲ့ပြီး သူနာပြုအဖွဲ့ကို ဖွဲ့စေသည် ။

***